ပြည်ထောင်စုမြန်မာနိုင်ငံတော်

**မြို့နယ်အစ္စလာမ်သာသနာရေးရာကောင်စီ**

ပြင် ဦး လွင် မြို့



# ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဗလီဝတ်ကျောင်းတော်

# ( MOSQUE ) များ၏

# သ မိုင်း အ ကျဉ်း ချုပ်

၁၉၉၄ခုနှစ် စက်တင်ဘာလ (၃၀)ရက်

ပြည် ထောင် စု မြန် မာ နိုင် ငံ တော်

# မြို့ နယ် အ စ္စ လာ မ် ရေး ရာ ကော င် စီ

ပြင် ဦး လွင် မြို့

**ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဗလီဝတ်ကျောင်းတော် ( MOSQUE )များ၏**

**သ မိုင်း ပြု စု ခြင်း**

**နိဒါန်း**

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားပြည်သူအပေါင်းသည် မိမိတို့ယုံကြည်ရာ ဘာသာတရားအသီးသီးကို လွတ်လပ်စွာကိုးကွယ် ယုံကြည်ခွင့် အပြည့်အဝရှိကြပေသည်။ ယင်းအခွင့်အရေးနှင့်အညီ မိမိတို့နေထိုင်ကြရာ မြို့နယ်၊ ဒေသအသီးသီးတွင် မိမိတို့ယုံကြည်ရာ ဘာသာရေးအရ ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို လွတ်လပ်စွာဆောက်လုပ်၍ ကိုးကွယ်ဝတ်တက်၊ ဝတ်ကပ်ကြသည်မှာ ရှေးနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပေပြီ။ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၏ သမိုင်းကြောင်းများကို ဖော်ထုတ်လေ့လာခြင်းဖြင့် ရှေးနှစ်ပေါင်းများစွာကပင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ကိုးကွယ်မှုအယူဝါဒနှင့်ပတ်သက်၍ တစ်ဘာသာနှင့်တစ်ဘာသာ နားလည်မှုရှိပုံ၊ အချင်းချင်း ချစ်ခင်ရင်းနှီးစွာ နေထိုင်ဆက်ဆံခဲ့ကြပုံတို့ကို တွေ့မြင်နိုင်ပေမည်။ ထို့ကြောင့်လည်း ပြင်ဦးလွင်ခရိုင် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၉ - ၉ - ၉၄ နေ့စွဲပါစာအမှတ်၊ ၁၀၂/၀ -၂/ခဂတ ( ၇၅၃ ) ဖြင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံတို့၏ သမိုင်းကြောင်းတို ဖော်ထုတ်ရန် လမ်းညွှန်ခဲ့ပါသည်။

ခရိုင်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ပြင်ဦးလွင်မြို့နယ် အစ္စလာမ်သာသနာရေးရာ ကောင်စီ အမှုဆောင်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဗလီဝတ်ကျောင်းတော် ( MOSQUE ) ၉ ကျောင်း၏ သမိုင်းကြောင်းကို ရေးသားပြုစုပါသည်။

ဤသို့ ရေးသားပြုစုရာတွင် ဗလီဝတ်ကျောင်းတော်များရှိ မှတ်တမ်းမှတ်ရာ စာရွက်စာတမ်းများ၊ ကိုယ်တိုင် သိမှီလိုက်ကြသော အသက်အရွယ် ကြီးရင့်သူများ၏ ပြောဆိုမိန့်ကြားချက်များကိုအခြေခံ၍ အပြည့်စုံဆုံးဖြစ်အောင် ပြုစုထားပါသည်။

ဤသမိုင်းကြောင်းများကို မသိမမှီ လိုက်သောသူများ၊ မျိုးဆက်သစ်လူငယ်များ ဖတ်ရှုသိမြင်လာပြီး၊ ကိုးကွယ်သည့် ဘာသာအချင်းချင်း ချစ်ခင်ရင်းနှီးခဲ့မှုသည် ရှေးအစဉ်အလာကပင် ဖြစ်ပါတကား - ဟု သဘောပေါက်နားလည်လာကြမည် ဖြစ်ပါသည်။

ကိုးကွယ်ရာ ဘာသာတစ်ခုနှင့်တစ်ခု ပိုမိုနားလည်လာလေ၊ **ပြည်ထောင်စုစည်းလုံးညီညွတ်မှု** ပိုမိုခိုင်မာလာလေ ဖြစ်မည်မှာ မလွဲကေန်ပင် ဖြစ်ပါသတည်း။

## " ကျေးဇူးတင်လွှာ "

မြင်ဦးလွင်မြို့နယ်အတွင်းရှိ အစ္စလာမ်သာသနာ့ဗလီဝတ်ကျောင်းတော် ( [illegible] ) များ၏ သမိုင်းကို ပြုစုရာ၌၊ အဖက်ဖက်မှ ပံ့ပိုးကူညီပေးခဲ့ကြသည့် -

( ၁ ) မြို့မဗဟိုဗလီ ဂေါပကအဖွဲ့ဝင်များ

( ၂ ) ၁ - ရပ်ကွက် ဘင်္ဂါလီဗလီ အုပ်ချုပ်ရေးအဖွဲ့ဝင်များ

( ၃ ) ၆ - ရပ်ကွက်ဗလီ အုပ်ချုပ်မှု ဂေါပကအဖွဲ့ဝင်များ

( ၄ ) ၁၄ - ထုံးဘိုရပ်ဗလီအသစ်တည်ဆောက်ရေး ဗဟိုကော်မတီဝင်များ

( ၅ ) ၁၅ - ညံ့တောရပ် ဂျာမေ့ဗလီ အုပ်ချုပ်မှု ဂေါပကအဖွဲ့ဝင်များ

( ၆ ) ၁၇ - ရပ်ကွက် ရွာသစ်ကလေးဗလီ ဂေါပကအဖွဲ့ဝင်များ

( ၇ ) ဦးပင်ကြီးဗလီ ဂေါပကအဖွဲ့ဝင်များ

( ၈ ) ဝက်ဝံဈေးကုန်းဗလီ ဂေါပကအဖွဲ့ဝင်များ

( ၉ ) ဝက်ဝံ ဘူတာကုန်းဗလီ ဂေါပကအဖွဲ့ဝင်များအားလည်းကောင်း၊ ဗလီများ၏ သမိုင်းရှေ့မှီနောက်မှီ

သက်ကြီးရွယ်အို အစ္စလာမ်ဘာသာဝင်များအားလည်းကောင်း၊ ဗလီများ၏ သမိုင်းရှေ့မှီနောက်မှီ အစ္စလာမ် ဘာသာဝင်မဟုတ်သည့် သက်ကြီးရွယ်အိုများအားလည်းကောင်း၊ မြင်ဦးလွင်မြို့နယ်အတွင်းရှိ ဗလီဝတ် ကျောင်းတော် ( MOSQUE )များ၏ သမိုင်းပြုစုရေးအထောက်အကူပြုကော်မတီဝင်အားလည်းကောင်း၊ မြင်ဦးလွင်မြို့နယ် အစ္စလာမ်သာသနာရေးရာကောင်စီအမှုဆောင်အဖွဲ့က လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အမှုဆောင်အဖွဲ့
မြို့နယ်အစ္စလာမ်သာသနာရေးရာကောင်စီ
မြင်ဦးလွင်မြို့

ပြင်ဦးလွင်မြို့ - မြို့မဗဟိုဗလီသည် ရပ်ကွက်ကြီး ( ၃ ) ၅ ရပ်ကွက်၊ အမှတ် ( ၃၈ )၊ ဦးပိုင်အမှတ် (၃၃) ဧရိယာ ဧက ၀. ၂၅၂ ရှိ မြေကွက်ပေါ်၌၎င်း၊ ဗလီ၏ အရှေ့ဘက်၌ မန္တလေးလားရှိုးလမ်း၊ ဗလီ၏မြောက်ဘက်၌ ( ၂ ) လမ်း၊ ဗလီ၏အနောက်ဘက်၌ အစိုးရလမ်း၊ ဗလီ၏တောင်ဘက်၌ ဟောမန်တည်းခိုခန်း ဖွင့်လှစ်ထားသော အဆောက်အဦတို့၏ အလယ်တွင်၎င်း၊ တည်ရှိသော အစ္စလာမ့် သာသနိကဗလီ အဆောက်အဦ ဖြစ်ပါသည်။

ပြင်ဦးလွင်မြို့ - မြို့မ ဗဟိုဗလီသည် မြို့ပေါ်ရှိဗလီအသီးသီးအနက် ဗဟိုအချက်အချာကျစွာ တည်ရှိနေခြင်းကို အစွဲပြု၍၎င်း၊ အာရဗီဝေါဟာရအားဖြင့် " ဂျာမေ့ဗ် " ဟူသောအနက်အဓိပ္ပါယ်သည် " ဗဟို " ဟူ၍ ခေါ်လွင်ထင်ရှားနေသည့်အတွက်၎င်း၊ မြို့မဗဟိုဗလီ ( JAMAH MOSQUE )ဟူ၍ အမည်ခေါ်တွင်ရခြင်း ဖြစ်ပါသည်။

ပြင်ဦးလွင်မြို့ - မြို့မဗဟိုဗလီအား ခရစ်သက္ကရာဇ် ၁၈၉၈ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၆၀ ခုနှစ်၌ ကုန်းဘောင်ခေတ်၊ အရှင်မင်းတုန်းမင်းတရားကြီး၏ အမြောက်တပ်မှ တပ်မှူး ဗိုလ်မှူးဘိုးကာ၊ ဦးဟာရှင်မ်၊ မစ္စတာဂိုလာမ်ဆိုင်၊ ဟာဂျီဟူစိန်ခန်း၊ မစ္စတာဆိုင်ယဒ်ကေရာမတ်အလီ၊ ဦးကရင်းမ်ခန်း၊ ဦးအေလာဟီးတတ်မ်၊ ဦးနိုင်မူဟမ္မဒ်၊ မစ္စတာအဗ္ဗဒုလ်ဟာမီးဒ် တို့သည် ဦးဆောင်မတည်လှူဒါန်း၍၊ ယင်းပုဂ္ဂိုလ်များကပင် ဂေါပကအဖြစ် တာဝန်ယူလျက် ထရံကာ၊ သက်ကယ်မိုး၊ ဝါးကြမ်းခင်း၊ သာမန်အဆောက်အဦတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းပြီး စတင်ဝတ်ပြုခဲ့ကြပါသည်။

ပြင်ဦးလွင်မြို့ - မြို့မဗဟိုဗလီအား ခရစ်သက္ကရာဇ် ၁၉၀၂ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၆၄ ခုနှစ်တွင် ကနဦး စတင်တည်ဆောက်စဉ်က ကြီးပမ်းခဲ့သည့် ဂေါပကအဖွဲ့သည် ယခင် အဆောက်အဦမှ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ အဆောက်အဦအဖြစ် ပြင်ဆင်မွမ်းမံ၍ ဝတ်ပြုခဲ့ကြသည်။

ခရစ်သက္ကရာဇ် ၁၉၀၃ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၆၅ ခုနှစ်တွင် ပြင်ဦးလွင်မြို့၌ တိုးတက်များပြားလာသော အစ္စလာမ်ဘာသာဝင်များ၏ အကျိုးငှာ၊ ကနဦး ဂေါပကအဖွဲ့ဝင်ဖြစ်သော မြန်မာမွတ်စလင်မ် ( ၂ ) ဦးဖြစ်သော ဗိုလ်မှူးဘိုးကာနှင့် ဦးဟာရှင်မ်တို့သည် ဂေါပကအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ပြီးနောက်၊ ပြင်ဦးလွင်မြို့ ( ၆ ) ရပ်ကွက်၌တည်ရှိနေသော မြန်မာမွတ်စလင်မ်ဗလီကြီးကို ကမကထပြု၍ စတင်တည်ဆောက်ကြပြီ။ ကျန်ဂေါပကအဖွဲ့ဝင်များက ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုးအဆောက်အဦမှ အုတ်တိုက် သာသနိက အဆောက်အဦအဖြစ် ပြင်ဆင်မွမ်းမံပြီး ဝတ်ပြုခဲ့ကြပါသည်။

မြို့မဗဟိုဗလီအရှေ့ပိုင်းရှိ " မီနာရဟ် "ခေါ် မျှော်စင်နှင့် ယင်းမျှော်စင်ကို ငုံလျက် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အဆောက်အဦကို - တရားရုံးချုပ်ရှေ့နေကြီး ဦးအာဇင်းမ်၊ ဟာဂျီဦးဘသော၊ ဟာဂျီဦးသန်းညွန့်၊ ဟာဂျီကိုကိုနှင့် ဥက္ကရတိုင်းအင်ဂျင်နီယာချုပ် ဗိုလ်မှူးထွန်းအောင်သန်း ( ငြိမ်း )၊ အဆောက်အဦ ကံထရိုက်တာ မွတ်ခ်တားရ်ဘော့ဂ်၊ ဟာဂျီဦးကာဒရ် ( ပန်းသေး )၊ ဦးအွမ္မရ်ကာကာ ( အီးကေ ဘီလပ်ရည် )တို့သည် ဂေါပကအဖွဲ့ကကြီးကြပ်လျက်၊ ခရစ်သက္ကရာဇ် ၁၉၅၆ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၁၈ ခုနှစ်တွင် ဆောက်လုပ်ခဲ့ရာ - မျှော်စင်တခုလုံး၏ ကုန်ကျစရိတ်ငွေများကို ဗိုလ်မှူးထွန်းအောင်သန်း တစ်ဦးတည်းက ထည့်ဝင်လှူဒါန်းခဲ့ပါသည်။

နောက်ပိုင်းတွင် ဆက်စပ်လျက်ရှိသော ဝတ်ပြုရာ ပင်မအဆောက်အဦကို မြို့ပေါ်နှင့် ရပ်ဝေးနေ အစ္စလာမ် သာသနာဝင်အများ၏ လှူဒါန်းငွေဖြင့် ထပ်မံ မွမ်းမံ ပြင်ဆင်ခဲ့ရာ၊ ခရစ်သက္ကရာဇ် ၁၉၆၄ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၂၆ ခုနှစ် စက်တင်ဘာလ ( ၁ ) ရက်နေ့၌ ပြီးမြောက်ခဲ့သဖြင့် ယနေ့ထိ ဝတ်ပြုနေလျက်ရှိကြပါသည်။

မြို့မဗဟိုဗလီ၏ ပင်မ အစ္စလာမ့် သာသနိက အဆောက်အဦသည် အလျား ( ၄၆ )ပေ၊ အနံ ( ၃၉ )ပေရှိပြီး၊ ဗလီ၏အရှေ့ဘက်၌ ၄၂ x ၂၉ပေရှိသည့် အမိုးမပါသော ကွက်လပ်တစ်ခုရှိပါသည်။ ယင်းကွက်လပ်၏ တဘက်တချက်၌ ၁၀၆x၅၀ပေ ရှိသည့် တန်ဆောင်း ( ၂ )ဆောင်ရှိရာ၊ တောင်ဘက်ရှိတန်ဆောင်း၌ ဝတ်ပြုခြင်းအမှု မပြုမီ လိုအပ်သော ခြေလက်မျက်နှာ စသည်တို့ကို ဆေးကြောရန်အတွက် မြွှန်ငယ် ( ၂၀ )ခု တပ်ဆင်ထားသော ရေလှောင်ကန် တစ်ခုရှိပါသည်။ မြောက်ဘက်တန်ဆောင်း၌ ဝတ်ပြုသူများနဲ့ပါက ဝတ်ပြုဆောင်အဖြစ် အသုံးပြုပါသည်။

အရှေ့မျက်နှာစာရှိ နှစ်ထပ်တိုက်အဆောက်အဦကိုငုံ၍ တည်ဆောက်ထားသော " မီနာရဟ် " ခေါ် မျှော်စင်၏ အမြင့်မှာ ( ၈၃ ) ပေရှိရာ၊ အပေါ်ဆုံးထပ်မှနေ၍ကြည့်လျှင်၊ ပြင်ဦးလွင်မြို့၏ ရှုခင်း၊ ရှုကွက်များကို ကွင်းကွင်း ကွက်ကွက်၊ ရှင်းလင်းထင်ရှားစွာ တွေ့မြင်ရပါသည်။ ညဥ့်အခါ မီးစိမ်းထွန်းညှိထားချိန်တွင် ချင်းဝက် ( ၅ ) မိုင်ခန့်အတွင်းမှ ထင်ရှားစွာ တွေ့မြင်ရသောကြောင့်၊ ပြင်ဦးလွင်မြို့၏ အမြင့်ဆုံးအဆောက်အဦဟု ဆိုနိုင်ပါသည်။

နှစ်ထပ်တိုက်၏ အပေါ်ထပ်မြောက်ဘက်မှအခန်းအား ဗလီရုံးခန်းအဖြစ်နှင့် အစည်းအဝေးခန်းမအဖြစ်၎င်း၊ တောင်ဘက်ရှိအခန်းကို ဗလီပိုင် ပရိဘောဂပစ္စည်းများ သိုလှောင်ရန်၎င်း၊ သတ်မှတ်ထားပါသည်။

ဗလီ၏မျက်နှာစာနည်းတူ အဆောက်အဦအတွင်းပိုင်း၌လည်း မဂိုအနုပညာလက်ရာများဖြင့် ချယ်လှယ်ထားရာ ကမ္ဘာလှည့်ခရီးသည်များအတွက် စိတ်ဝင်စားမှု ရှိစေသော အဆောက်အဦ တစ်ဆောင်ဖြစ်ပြီး ပြင်ဦးလွင်မြို့၏ ဂုဏ်ဆောင်၊ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသည့် အစ္စလာမ့် သာသနိကအဆောက်အဦ " ဗလီ " ဝတ်ပြုဆောင်တစ်ခု ဖြစ်ပါသည်။

ပြင်ဦးလွင်မြို့ - မြို့မဗဟိုဗလီတွင် ဂေါပကအဖွဲ့ အဆက်ဆက်တို့သည် စဉ်ဆက်မပြတ် ဗလီ၏ ဖွဲ့စည်းပုံ စည်းမျဉ်းနှင့်အညီ ရွေးချယ်၍အုပ်ချုပ်ခဲ့ရာ လက်ရှိတာဝန်ယူ အုပ်ချုပ်လျက်ရှိကြသော ဂေါပကအဖွဲ့၏ အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ -

| | | |
|---|---|---|
| ( က ) | ဦးဖေအေးမောင် | ဥက္ကဋ္ဌ |
| ( ခ ) | ဦးကိုအောင် | ဒုတိယ ဥက္ကဋ္ဌ |
| ( ဂ ) | ဟာဂျီ ဦးဝင်းရွှေ | အတွင်းရေးမှူး |
| ( ဃ ) | ဦးအောင်ညွန့် | တွဲဘက် အတွင်းရေးမှူး |
| ( င ) | ဦးမျိုးသိန်း | ဘဏ္ဍာရေးမှူး |
| ( စ ) | ဦးအောင်ဆန်း | စာရင်းစစ် |
| ( ဆ ) | ဦးအာမတ် | အမှုဆောင် |
| ( ဇ ) | ဦးဝင်းတင် | အမှုဆောင် |
| ( ဈ ) | ဦးဘသောင်း | အမှုဆောင် |
| ( ည ) | ဦးသိန်းထွန်း | အမှုဆောင် |

မြို့မဗဟို ဗလီကြီး၏ ယခုလက်ရှိ ရှေ့ဆောင်ဆရာတော်ကြီး၏ ဘွဲ့အမည်မှာ " ဟာဖစ် ဇေအီဒ်အဟ်မဒ် " ဖြစ်ပါသည်။

ပြင်ဦးလွင်မြို့ - မြို့မဗဟိုဗလီကြီးတွင် နေ့စဉ် ( ၅ ) ကြိမ်ဝတ်ပြုနေရာ၊ တစ်ကြိမ်လျှင် ( ၁၅၀ )ဦးခန့် ဝတ်ပြုနေကြပါသည်။ အပတ်စဉ်သောကြာနေ့များတွင် အစ္စလာမ်ဘာသာဝင် ( ၄၅၀ )ဦးခန့် ဝတ်ပြုနေကြသကဲ့သို့ အစ္စလာမ့် တရားတော်အရ နေ့ကြီးရက်ကြီးများ၌၊ ဝတ်ပြုသူပိုမိုများပြားခဲ့ရာ ဝတ်ပြုဆောင်အားလုံးတွင် ပြည့်လျှံစည်ကားစွာ ဝတ်ပြုလျက် ရှိပါသည်။

## * ( ၁ ) ရပ်ကွက် ဘဂါလီ ဗလီ သမိုင်းအကျဉ်း *

( ၁ ) ရပ်ကွက်ဘဂါလီဗလီသည် ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး ( ၅ )၊ ၁ - ရပ်ကွက် ( ၃၆ )လမ်း၊ အမှတ် ၃၄ ပေါ်တွင် တည်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၂၈၁ - ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၁၉-ခုနှစ်တွင် " ဦးဆိုင်ယဒ်ကေရာမသ်အလီ "က မြေနေရာ ဝယ်ယူ၍ ဝကားဖ်ပြုလုပ်လှူဒါန်းပြီး၊ ထိုစဉ်က ဗလီဝင်များ ဖြစ်သည့် ဘဂါလီနွယ်ဝင် အစ္စလာမ်ဘာသာဝင်အများ၏ လှူဒါန်းမှုဖြင့် အဆောက်အဦ စတင်တည်ဆောက် ဝတ်ပြုခဲ့ကြပါသည်။

ဗလီစတင် တည်ဆောက်ပြီးနောက်၊ ယခုခေတ်ကာလကဲ့သို့ ဖွဲ့စည်းပုံစည်းမျဉ်း သတ်မှတ်ချက်များ မရှိဘဲ၊ ဗလီမြေ လှူဒါန်းသူနှင့် ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီသူများက စုပေါင်း၍၊ အက်စ်အဗ္ဗ မိုဟီယွတ်ဒင်းန်( ဘီတောနီးယား ဝိုင်နိဝ်တိုက်ပိုင်ရှင် ) ဥက္ကဋ္ဌ၊ မစ္စတာ ချောင်ဒူရီအလီမြား ( ကန်ထရိုက် လုပ်ငန်းပိုင်ရှင် ) ဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးမှူးပူးတွဲတာဝန်၊ တာဖစ်မုဟမ္မဒ်ရာဟ်မန်း ( အာရဗီ ကျောင်းဆရာ) အတွင်းရေးမှူး တို့က ဂေါပကအဖွဲ့၏ တာဝန်များရယူပြီး၊ ခရစ်သက္ကရာဇ် ၁၉၁၉ ခုနှစ် မှ ၁၉၂၄ - ခုနှစ် ကာလအထိ ပြုပြင်မွမ်းမံမှုများ ပြုလုပ်နေစဉ်အတွင်း၊ ဒုတိယ ကမ္ဘာစစ်ကြီး ပေါ်ပေါက်လာ သောကြောင့်၎င်း၊ ဒုတိယ ကမ္ဘာစစ်ကြီးပြီးနောက် ပြည်တွင်း သောင်းကျန်းမှုများ ဖြစ်ပေါ်လာသောကြောင့်၎င်း၊ ပြုပြင်မွမ်းမံမှုများ ရပ်ဆိုင်းထားခဲ့ရပါသည်။ မြန်မာသက္ကရာဇ် ၁၃၁၅ -ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၅၃ - ခုနှစ်တွင် အပြီးသတ် ပြင်ဆင်နိုင်ခဲ့ပြီး၊ နောက်ပိုင်း တာဝန်ယူခဲ့သော ဂေါပကအဖွဲ့ အဆက်ဆက်တို့သည် ပြန်လည် ဖာထေးခြင်း၊ ဆေးသုတ်ခြင်း၊ လျှပ်စစ်မီးများ တပ်ဆင်မွမ်းမံခြင်း၊ ကိုယ်လက်သန့်စင် ရေကန် ပြုပြင်ခြင်း သာရှိခဲ့ရာ၊ ယခု အချိန်အထိ ပုံစံမပျက် တည်ရှိအောင်ထိန်းသိမ်း လျက် ဝတ်ပြုခဲ့ကြပါသည်။

ပြင်ဦးလွင်မြို့ ( ၁ ) ရပ်ကွက် ဘဂါလီဗလီတွင်၊ ဂေါပကအဖွဲ့အဆက်ဆက်တို့သည် စဉ်ဆက်မပြတ် ဗလီအား ထိန်းသိမ်း အုပ်ချုပ်ခဲ့ရာ၊ လက်ရှိတာဝန်ယူ အုပ်ချုပ်လျက်ရှိကြသော ဂေါပက အဖွဲ့ဝင်များ၏ အမည်စာရင်းမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

| | | |
|---|---|---|
| ( က ) | ဦးစိုးနိုင်-၁ | ဥက္ကဋ္ဌ |
| ( ခ ) | ဦးမြင့်သိန်း | ဒုတိယ ဥက္ကဋ္ဌ -၁ |
| ( ဂ ) | ဦးမြင့်ဦး | ဒုတိယ ဥက္ကဋ္ဌ -၂ |
| ( ဃ ) | ဦးထွန်းထွန်း | အတွင်းရေးမှူး |
| ( င ) | ဦးကိုကိုကြီး | တွဲဖက် အတွင်းရေးမှူး -၁ |
| ( စ ) | ဦးဇော်ထွန်း | တွဲဖက် အတွင်းရေးမှူး -၂ |
| ( ဆ ) | ဦးခင်မောင်မြင့် -၁ | ဘဏ္ဍာရေးမှူး |
| ( ဇ ) | ဦးတင်အောင် -၁ | စာရင်းစစ် -၁ |
| ( ဈ ) | ဦးဇော်မင်းလတ် | စာရင်းစစ် -၂ |
| ( ည ) | ဟာဂျီ ဦးလှိုင်မြင့် | စာရင်းစစ် -၃ |
| ( ဋ ) | ဟာဂျီ ဦးချစ်မောင် | အဖွဲ့ဝင် |
| ( ဌ ) | ဦးခင်မောင်မြင့်-၂ | အဖွဲ့ဝင် |
| ( ဍ ) | ဦးတင်အောင်-၂ | အဖွဲ့ဝင် |
| ( ဎ ) | ဦးအောင်မိုး | အဖွဲ့ဝင် |
| ( ဏ ) | ဦးစိုးနိုင်-၂ | အဖွဲ့ဝင် |
| ( တ ) | ဦးဇော်အောင် | အဖွဲ့ဝင် |

( ၁ ) ရပ်ကွက် ဘဂါလီဗလီ၏ ယခုလက်ရှိ ရှေ့ဆောင်ဆရာတော်ကြီး၏ ဘွဲ့အမည်မှာ " မောင်လာနာအေဝါဇ်ဂျစ် အလီ" ဖြစ်ပါသည်။

ပြင်ဦးလွင်မြို့ ( ၁ ) ရပ်ကွက် ဘဂါလီဗလီ၌ နေ့စဉ် ( ၅ ) ကြိမ် ဝတ်ပြုနေရာ၊ တစ်ကြိမ်လျှင် ( ၅၀ )ဦးခန့် ဝတ်ပြုနေကြပါသည်။ အပတ်စဉ် သောကြာနေ့များတွင် အစ္စလာမ် ဘာသာဝင် ( ၂၅၀ )ဦးခန့် ဝတ်ပြုနေကြ သကဲ့သို့၊ အစ္စလာမ့် တရားတော်အရ နေ့ကြီးရက်ကြီးများ၌၊ အစ္စလာမ်ကျင့်စဉ်နှင့် အညီ အစ္စလာမ် ဘာသာဝင်ပေါင်း ( ၃၅၀ )ဦးခန့် စည်ကားစွာ ဝတ်ပြုလျက် ရှိပါသည်။

## * ( ၆ ) ရပ်ကွက်ဇလီ သမိုင်းအကျဉ်း *

( ၆ ) ရပ်ကွက်ဇလီသည် မြင်ဦးလွင်မြို့ ရပ်ကွက်ကြီး [ ၄ ] အောင်ဆန်းရပ် ( ၆ ) ရပ်ကွက်၊ လမ်း (၄၀)တွင် တည်ရှိပါသည်။

**မြန်မာသက္ကရာဇ် ၁၂၆၅ - ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၀၃ - ခုနှစ်တွင် ကုန်းဘောင်ခေတ်အရှင် မင်းတုန်းမင်းတရားကြီး၏** ဂေါလာအမြောက်တပ်မှ တပ်မှူးဗိုလ်မှူးဘိုးကာသည် မြေကွက်ကို ဝကာဖ်ပြုလုပ်လှူဒါန်းပြီး ဇလီအဆောက်အဦ **ကိုလည်း တစ်ဦးတည်း** အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

မြန်မာ သက္ကရာဇ် ၁၃၁၃ - ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၅၁ - ခုနှစ်တွင် ဇလီဒကာ ဗိုလ်မှူးဘိုးကာမှ ဦးဆောင်၍ **ဂေါပကအဖွဲ့**ဝင်များဖြစ်ကြသော ဦးလှကြီး၊ ဦးဘ၊ ဦးတူ၊ ဦးဟာရှင်မ်၊ ဦးဘိုင်ဝံ၊ ဦးမောင်ဖေ၊ ဦးဖွတ်စမ် ( သမာဓိ မြို့ဝန် ) တို့က **ဝန်ဦးလျက်၊ မူလအဆောက်အဦ** ( ၃၀ x ၄၀ ) ပေရှိ ဇလီငယ်ကို ရပ်ကွက်အတွင်း တိုးတက်များပြားလာသော အစ္စလာမ် ဘာသာဝင် **များ စိတ်ချမ်းမြေ့စွာ ဝတ်ပြုနိုင်ရန် အလို့ငှာ၊** ( ၆၈ x ၃၆ )ပေရှိ **ဇလီအဆောက်အဦကို** ပြင်ဆင်မွမ်းမံ **တည်ဆောက်ခဲ့ပါသည်။**

မြင်ဦးလွင်မြို့ ( ၆ ) ရပ်ကွက်ဇလီ စတင်တည်ဆောက်ပြီးနောက်၊ ဂေါပကအဖွဲ့ အဆက်ဆက်တို့သည် စဉ်ဆက်မပြတ် ထိန်းသိမ်းအုပ်ချုပ်ခဲ့ရာ၊ လက်ရှိတာဝန်ယူ အုပ်ချုပ်လျက်ရှိကြသော ဂေါပကအဖွဲ့ဝင်များ၏ အမည်စာရင်းမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

( က ) ဦးကိုကို — ဥက္ကဋ္ဌ
( ခ ) ဦးအုန်းလှိုင် — ဒုတိယ ဥက္ကဋ္ဌ
( ဂ ) ဦးသန်းမောင် — အတွင်းရေးမှူး
( ဃ ) ဦးကြည်လွင် — တွဲဖက် အတွင်းရေးမှူး
( င ) ဦးမောင်ကို — ဘဏ္ဍာရေးမှူး
( စ ) **ဦးခင်မောင်ညွန့် — စာရင်းစစ် ( ၁ )**
( ဆ ) **ဦးမြင့်သိန်း — စာရင်းစစ် ( ၂ )**
( ဇ ) ဦးစိုးကြည် — **အမှုဆောင်**
( ဈ ) ဦးမောင်ကို — **အမှုဆောင်**

( ၆ ) **ရပ်ကွက်ဇလီ၏** ယခုလက်ရှိ ရှေ့ဆောင်ဆရာတော်ကြီး၏ ဘွဲ့အမည်မှာ " မောင်လာနာမုဟမ္မဒ်အနွှဝါရ်" ဖြစ်ပါသည်။

မြင်ဦးလွင်မြို့ ( ၆ ) ရပ်ကွက်ဇလီ၌ နေ့စဉ် ( ၅ ) ကြိမ် ဝတ်ပြုနေရာ၊ တစ်ကြိမ်လျှင် ( ၇၀ ) ဦးခန့်ဝတ်ပြု နေကြပါသည်။ အပတ်စဉ် သောကြာနေ့များတွင် အစ္စလာမ်ဘာသာဝင် ( ၅၀၀ )ဦးခန့် ဝတ်ပြုနေကြသကဲ့သို့ အစ္စလာမ့် တရားတော်အရ နေ့ကြီးရက်ကြီးများ၌ အစ္စလာမ့်ကျင့်စဉ်နှင့် အညီ အစ္စလာမ် ဘာသာဝင် ( ၇၅၀ ) ဦးခန့် စည်ကားစွာ ဝတ်ပြုလျက်ရှိကြပါသည်။

## * ၁၄ – ထုံးဘိုဗလီ သမိုင်းအကျဉ်း *

ပြင်ဦးလွင်မြို့ ၁၄ - ထုံးဘိုဗလီသည် ရပ်ကွက်ကြီး ( ၁ )၊ ထုံးဘိုရပ် အမှတ် ( ၃ ) တပ်နယ်မြေပေါ်၌ တည်ရှိခဲ့ပါသည်။

၁၄ - ထုံးဘိုဗလီအား မြိတ်သျှအင်္ဂလိပ်စစ်တပ်နှင့် အတူပါလာခဲ့သော ပန်ချာဘီ အစ္စလာမ်ဘာသာဝင် ဆပ်မတော်သားများမှ - ဗိုလ်တပ်အတွင်း၌ ထိုစဉ်က တာဝန်ယူခဲ့သော ကန်တိုမင်အရာရှိ၏ သဘောတူခွင့်ပြုချက်ဖြင့် ခရစ်သက္ကရာဇ် ၁၉၁၃ - ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၇၅ - ခုနှစ်တွင် ထရံကာ၊ သက်ကယ်မိုး၊ သာသနိကအဆောက်အဦအဖြစ် စတင်ဆောက်လုပ် ဝတ်ပြုခဲ့ကြပါသည်။

ခရစ်သက္ကရာဇ် ၁၉၃၂ - ခုနှစ် ဇန်နဝါရီလ ( ၁ )ရက်၊ မြန်မာသက္ကရာဇ်၁၂၈၅-ခုနှစ်၌ သက်ကယ်မိုး အဆောက်အဦမှ ဆုတ်တိုက်အဆောက်အဦအဖြစ်၊ အများအစ္စလာမ်ဘာသာဝင်များ၏ လှူဒါန်းမှုဖြင့် ဆောက်လုပ်၍ ဝတ်ပြုခဲ့ကြပါသည်။

ထိုကဲ့သို့ တပ်နယ်မြေပေါ်၌ အဆင့်ဆင့်သော ဂေါပကအဖွဲ့ဝင်များက တာဝန်ယူ အုပ်ချုပ်လျက် ၁၄ - ထုံးဘို ဗလီအား ထိန်းသိမ်းဝတ်ပြုနေခဲ့ရာ၊ ၁၉၉၃ ခုနှစ် နိုဝင်ဘာလမှ အစပြု၍ တပ်မတော်မှ မိမိ၏ထုံးစံ့ အစီအစဉ်အရရှင်း၊ ၁၉၂၄ခုနှစ် မြေယာဥပဒေအရရှင်း၊ အရပ်သားနေအိမ်/အရပ်သားများနှင့် သက်ဆိုင်သည့် ဘာသနာအဆောက်အဦများကို တပ်နယ်မြေပေါ်၌ တည်ရှိခွင့် မပြုနိုင်သောကြောင့် မလွှဲမသွေ ဖျက်သိမ်းပေးရန်ညှိနှိုင်းခဲ့သဖြင့်၊ ၁၉၉၄ ခုနှစ် ဩဂုတ်လ ( ၂၈ ) ရက်နေ့မှစ၍ ဖျက်သိမ်းပေးခဲ့ပါသည်။

ယခုလက်ရှိ တာဝန်ယူ အုပ်ချုပ်လျက်ရှိသော ပြင်ဦးလွင်ခရိုင် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ စေတနာ၊ ၁၄ - ထုံးဘိုရပ်ရှိ အစ္စလာမ်ဘာသာဝင်များ၏ လူမှုရေးနှင့် ဘာသာဘာသနာအရေးကို ရှေ့ရှုသောစေတနာဖြင့်၊ ၁၄-ထုံးဘို ရပ်ကွက်၌ ၁၄ -ထုံးဘို ဗလီအသစ် တစ်ဆောင်ကို တည်ဆောက်ခွင့်ပြုခဲ့ပါသည်။

ယခုအခါ ပြင်ဦးလွင်မြို့နယ် အစ္စလာမ်သာသနာရေးရာကောင်စီ၏ ဦးဆောင်မှုဖြင့်၊ မြို့ပေါ်ရှိ ဘာသာရေး အသင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ ဗလီဂေါပကအဖွဲ့မှကိုယ်စားလှယ်များ၊ ဘာသာရေးကျောင်း အုပ်ချုပ်မှုကော်မတီမှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၏ ပူးပေါင်းမှုဖြင့် ၁၄ - ထုံးဘိုရပ် စည်ပင်သာယာနယ်နိမိတ်အတွင်း၌၊ ဗလီအသစ် တစ်ဆောင်တည်ဆောက်နေရာ၊ မှားမကြာမီ ဝီပြင်သော အစ္စလာမ်သာသနိက အဆောက်အဦ တစ်ဆောင်ဖြစ်လာစေရန် ကြိုးပမ်းလျက် ရှိပါသည်။

အဆိုပါ ၁၄-ထုံးဘိုဗလီ ဖြစ်မြောက်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များမှ တာဝန်ယူ ဆောင်ရွက်လျက် ရှိပါသည်။

**နာယကကြီးများ**

| | |
|---|---|
| ၁။ ဟာဖစ်ဇ်စဖီးဇ်အဟ်မဒ် | မြို့မဗဟိုဗလီ ဝတ်ကျောင်းတော် ရှေ့ဆောင်ဆရာကြီး။ |
| ၂။ မောင်လာနာ အေ-ဝါဂျစ် | ၁ - ရပ်ကွက် ဘင်္ဂါလီ ဗလီဝတ်ကျောင်းတော် ရှေ့ဆောင်ဆရာကြီး။ |
| ၃။ မောင်လာနာ မုဟာမ္မဒ်အနွဝါရ် | ၆ - ရပ်ကွက် ဗလီဝတ်ကျောင်းတော် ရှေ့ဆောင်ဆရာကြီး။ |
| ၄။ မွှဖ်တီးမောင်လာနာဟာဖစ်ဇ် မုဟမ္မဒ်ဇီလီယာစ် | ညဲအောကျာမေဗလီဝတ်ကျောင်းတော် ရှေ့ဆောင်ဆရာကြီး။ |
| ၅။ ဟာဖစ်ဇ် မုဟမ္မဒ်ယူစိန် | ၁၄ - ထုံးဘို ဗလီဝတ်ကျောင်းတော် ရှေ့ဆောင်ဆရာကြီး။ |
| ၆။ မောင်လာနာ မုဟမ္မဒ်ဇီဗရာဟင်းမ် | ၁၇ - ရပ်ကွက် ဗလီဝတ်ကျောင်းတော် ရှေ့ဆောင်ဆရာကြီး။ |

**အလုပ်အမှုဆောင် အဖွဲ့**

| | | |
|---|---|---|
| ၁။ ဟာဂျီ ဦးအောင်သိန်း | ဥက္ကဋ္ဌ | မြို့နယ် အစ္စလာမ်ကောင်စီ |
| ၂။ မောင်လာနာဟာဖစ်ဇ်မုဟမ္မဒ်ဇီဗရာဟင်းမ်ခန်း | ဒုတိယ ဥက္ကဋ္ဌ-၁ | မြို့နယ် ဇိုလမာအဖွဲ့ |
| ၃။ ဦးထွန်းသိမ်း | ဒုတိယ ဥက္ကဋ္ဌ-၂ | မြို့နယ် အစ္စလာမ်ကောင်စီ |
| ၄။ ဟာဂျီ ဦးဝင်ရွှေ | အတွင်းရေးမှူး | မြို့နယ် အစ္စလာမ်ကောင်စီ |
| ၅။ ဦးခင်မောင်အေး | တွဲဘက်အတွင်းရေးမှူး-၁ | ၁၄-ထုံးဘို ဗလီဂေါပကအဖွဲ့ |
| ၆။ ဦးလေးဟန် | တွဲဘက်အတွင်းရေးမှူး-၂ | မြို့နယ် အစ္စလာမ်ကောင်စီ |

| | | |
|---|---|---|
| ၈။ ဦးကျော်မြင့် | စာရင်းစစ် - ၁ | မြို့နယ်အစ္စလာမ်ကောင်စီ |
| ၉။ ဦးကြည်လွင် | စာရင်းစစ် - ၂ | ၆ - ရပ်ကွက်ဇလီ ဂေါပကအဖွဲ့ |
| ၁၀။ ဦးဘသောင်း | အလုပ်အမှုဆောင် | မြို့နယ်အစ္စလာမ်ကောင်စီ |
| ၁၁။ ဟာဂျီ ဦးအေးရှိုး | အလုပ်အမှုဆောင် | ညံတောရပ် |
| ၁၂။ ဦးကိုကိုကြီး | အလုပ်အမှုဆောင် | ၁- ရပ်ကွက် ဘင်္ဂါလီဇလီ ဂေါပကအဖွဲ့ |
| ၁၃။ ဦးခင်မောင်မြင့် ( ၃- ရပ်ကွက် ) | အလုပ်အမှုဆောင် | မြို့နယ်အစ္စလာမ်ကောင်စီ |
| ၁၄။ ဦးခင်မောင်အေး | အလုပ်အမှုဆောင် | မြို့နယ်အစ္စလာမ်ကောင်စီ |
| ၁၅။ ဦးညီညီ | အလုပ်အမှုဆောင် | မြို့နယ်အစ္စလာမ်ကောင်စီ |
| ၁၆။ ဦးဘညွန့် | အလုပ်အမှုဆောင် | ၃- ရပ်ကွက် |
| ၁၇။ ဦးစိုးသိန်း | အလုပ်အမှုဆောင် | ကွက်ပြင်ရပ် |

**<u>အမှုဆောင်အဖွဲ့</u>**

| | | |
|---|---|---|
| ၁၈။ ဟာဇစ်ဖ်မွတ်တာကတ်အာမတ် | အမှုဆောင်အဖွဲ့ဝင် | မြို့နယ်အိုလမာအဖွဲ့ |
| ၁၉။ ဦးမိုက်ကယ် ( ခ ) မုဟမ္မဒ်ကိုင် | အမှုဆောင်အဖွဲ့ဝင် | မြို့နယ်အိုလမာအဖွဲ့ |
| ၂၀။ ဦးအောင်ညွန့် | အမှုဆောင်အဖွဲ့ဝင် | မြို့မဇဟိုဇလီ ဂေါပကအဖွဲ့ |
| ၂၁။ ဦးအောင်ဆန်း | အမှုဆောင်အဖွဲ့ဝင် | မြို့မဇဟိုဇလီ ဂေါပကအဖွဲ့ |
| ၂၂။ ဦးထွန်းထွန်း | အမှုဆောင်အဖွဲ့ဝင် | ၁- ရပ်ကွက် ဘင်္ဂါလီဇလီ ဂေါပကအဖွဲ့ |
| ၂၃။ ဦးကိုကို | အမှုဆောင်အဖွဲ့ဝင် | ၆- ရပ်ကွက်ဇလီ ဂေါပကအဖွဲ့ |
| ၂၄။ ဦးမွတ်တားရ်အာမတ် | အမှုဆောင်အဖွဲ့ဝင် | ညံတော ဂျာမေဇလီ ဂေါပကအဖွဲ့ |
| ၂၅။ ဦးဘိုကြီး | အမှုဆောင်အဖွဲ့ဝင် | ညံတော ဂျာမေဇလီ ဂေါပကအဖွဲ့ |
| ၂၆။ ဦးလှညွန့် | အမှုဆောင်အဖွဲ့ဝင် | ၁၄- ထုံးဘိုဇလီ ဂေါပကအဖွဲ့ |
| ၂၇။ ဦးခင်မောင်သိန်း | အမှုဆောင်အဖွဲ့ဝင် | ၁၄- ထုံးဘိုဇလီ ဂေါပကအဖွဲ့ |
| ၂၈။ ဦးထွန်းဝမ်း | အမှုဆောင်အဖွဲ့ဝင် | ၁၄- ထုံးဘိုဇလီ ဂေါပကအဖွဲ့ကိုယ်စားလှယ် |
| ၂၉။ ဦးခင်မောင်မြင့် | အမှုဆောင်အဖွဲ့ဝင် | ၁၄- ထုံးဘိုဇလီ ဂေါပကအဖွဲ့ကိုယ်စားလှယ် |
| ၃၀။ ဦးနူးရ်မုဟမ္မဒ် | အမှုဆောင်အဖွဲ့ဝင် | ၁၄- ထုံးဘိုဇလီ ဂေါပကအဖွဲ့ကိုယ်စားလှယ် |
| ၃၁။ ဦးထွန်းမြင့် | အမှုဆောင်အဖွဲ့ဝင် | ၁၄- ထုံးဘိုဇလီ ဂေါပကအဖွဲ့ကိုယ်စားလှယ် |
| ၃၂။ ဦးချစ်ထွန်း | အမှုဆောင်အဖွဲ့ဝင် | ၁၇- ရပ်ကွက်ဇလီ ဂေါပကအဖွဲ့ |
| ၃၃။ ဦးဇော်မြင့် | အမှုဆောင်အဖွဲ့ဝင် | ၁၇- ရပ်ကွက်ဇလီ ဂေါပကအဖွဲ့ |
| ၃၄။ ဦးဝင်းတင် | အမှုဆောင်အဖွဲ့ဝင် | ၅- ရပ်ကွက် ဘာသာရေးကျောင်းအုပ်ချုပ်မှုအဖွဲ့ |
| ၃၅။ ဦးခင်မောင်မြင့် ( ညီညီ ) | အမှုဆောင်အဖွဲ့ဝင် | ကွက်ပြင် ဘာသာရေးကျောင်း အုပ်ချုပ်မှုအဖွဲ့ |
| ၃၆။ ဦးလှမြင့် | အမှုဆောင်အဖွဲ့ဝင် | ကွက်ပြင် ဘာသာရေးကျောင်း အုပ်ချုပ်မှုအဖွဲ့ |
| ၃၇။ ဦးခင်မောင်မြ | အမှုဆောင်အဖွဲ့ဝင် | မြို့နယ်အစ္စလာမ်ကောင်စီ |
| ၃၈။ ဦးခင်မောင်အေး ( အငြိမ်းစား ) | အမှုဆောင်အဖွဲ့ဝင် | မြို့နယ်အစ္စလာမ်ကောင်စီ |
| ၃၉။ ဦးအာမတ်ခန်း | အမှုဆောင်အဖွဲ့ဝင် | ၈- ရပ်ကွက် |
| ၄၀။ ဦးတင်မောင်ဦး | အမှုဆောင်အဖွဲ့ဝင် | မြို့နယ်အစ္စလာမ်ကောင်စီ |
| ၄၁။ ဦးမောင်မောင် | အမှုဆောင်အဖွဲ့ဝင် | မြို့နယ်အစ္စလာမ်ကောင်စီ |
| ၄၂။ ဦးဘိုလေး | အမှုဆောင်အဖွဲ့ဝင် | ညံတောရပ် |
| ၄၃။ ဦးသိန်းမောင် | အမှုဆောင်အဖွဲ့ဝင် | မြို့နယ်အစ္စလာမ်ကောင်စီ |
| ၄၄။ ဦးခင်မောင်လေး | အမှုဆောင်အဖွဲ့ဝင် | မြို့နယ်အစ္စလာမ်ကောင်စီ |
| ၄၅။ ဦးခင်မောင်ကြီး | အမှုဆောင်အဖွဲ့ဝင် | မြို့နယ်အစ္စလာမ်ကောင်စီ |

၁၄- ထုံးဘို စည်ပင်သာယာနယ်နိမိတ်အတွင်း၌ အစ္စလာမ်ဘာသာဝင် အိမ်ထောင်စုပေါင်း ( ၉၀ ) ခန့်နေထိုင်လျက် ရှိပါသည်။ အဆိုပါ အိမ်ထောင်စုဝင်များအတွက် အစ္စလာမ်သာသနာ ကျင့်စဉ်နှင့်အညီ များမကြာမီ အဆိုပါ သာသနိကအဆောက်အဦတွင် စည်ကားစွာ ဝတ်ပြုနိုင်တော့မည် ဖြစ်ပါသည်။

## * ညံတော ဂျာမေဗလီ သမိုင်းအကျဉ်း *

ညံတောဂျာမေဗလီသည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ( ၂ ) အကွက် - ၁၅ ၊ ( ၁၃ )လမ်းနှင့် ( ၁၄ ) လမ်းကြား ဦးပိုင်အမှတ် ( ၄၉/၅၀ ) မြေကွက်ပေါ်တွင် တည်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၂၆၄ - ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၀၂ - ခုနှစ်တွင် ဦးဇီဗရာဟင်မ် ( ခ ) ဦးတင်ဝ၏ ပိုင်သော မြေကွက် ပေါ်တွင် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမွန်ရှီနား(လ်)ဘန်းနှင့် အဖွဲ့ဝင် ဦးစလာမတ်၊ ဦးကစ်မတ်အလီခန်း၊ မတ်၊ ဦးကေရာမတ်အလီ တို့ကဦးဆောင်၍ အများအစ္စလာမ် ဘာသာဝင်များ၏ လှူဒါန်းငွေဖြင့် သွပ်မိုး၊ သွပ်ကာ ဆောက်အဦ စတင်ဆောက်လုပ် ဝတ်ပြုခဲ့ကြပါသည်။

မြန်မာသက္ကရာဇ် ၁၂၇၄ - ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၁၂ - ခုနှစ် တွင် အထက်ပါ ဂေါပကအဖွဲ့ကပင် ဦးဆောင်၍၊ အစ္စလာမ် သာသနာဝင်ဦးရေ များပြားလာသည့်အတွက် အများအစ္စလာမ် သာသနာဝင်များ၏ လှူဒါန်းငွေဖြင့် သွပ်မိုး၊ အုတ်တိုက် အဆောက်အဦအဖြစ် စတင်တည်ဆောက်မှုနှင့် ပြင်ဆင်ခဲ့ရာ မြန်မာသက္ကရာဇ် ၁၂၇၅ - ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၁၃ - ခုနှစ် တွင်ပြီးစီးခဲ့ပါသည်။

ပြင်ဦးလွင်မြို့၊ ၁၅ - ညံတောဂျာမေဗလီတွင် ဂေါပကအဖွဲ့ အဆက်ဆက်တို့သည် စဉ်ဆက်မပြတ် ထိန်းသိမ်းအုပ်ချုပ်ခဲ့ရာ၊ လက်ရှိတာဝန်ယူ အုပ်ချုပ်လျက်ရှိကြသော ဂေါပကအဖွဲ့ဝင်များ၏ အမည်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ( က ) | ဟာဂျီဦးအေးရှုစ်ဒ် | နာယက |
| ( ခ ) | ဟာဂျီ ဦးကျော်ညွန့် | နာယက |
| ( ဂ ) | ဦးမုဟမ္မဒ် မွတ္တဲသားမ်အဟ်မဒ် | ဥက္ကဋ္ဌ |
| ( ဃ ) | ဦးဂျူမန်း | ဒုတိယ ဥက္ကဋ္ဌ |
| ( င ) | ဦးဘိုကြီး ( ခ ) ဦးမျိုးတင့် | အတွင်းရေးမှူး - ၁ |
| ( စ ) | မောင်လာနာအစ်ဗရာဟီးမ်ခါန်း | အတွင်းရေးမှူး - ၂ |
| ( ဆ ) | ဦးဘိုလေး | ဘဏ္ဍာရေးမှူး - ၁ |
| ( ဇ ) | ဦးအစ္စမာဒီလ် | ဘဏ္ဍာရေးမှူး - ၂ |
| ( ဈ ) | ဦးဇီနိုးစ်ဒ် | စာရင်းစစ် - ၁ |
| ( ည ) | ဦးအဗ္ဗဒူလ်ဆာမတ်သ် | စာရင်းစစ် - ၂ |
| ( ဋ ) | ဦးဆလင်းမ် | အဖွဲ့ဝင် |
| ( ဌ ) | ဦးမူနူး | အဖွဲ့ဝင် |
| ( ဍ ) | ဦးကျော်စိန် | အဖွဲ့ဝင် |
| ( ဎ ) | ဦးအောင်တိုး | အဖွဲ့ဝင် |
| ( ဏ ) | ဦးရာရှစ် | အဖွဲ့ဝင် |
| ( တ ) | ဦးအဒ်ဂျာသ် မ် | အဖွဲ့ဝင် |
| ( ထ ) | ဦးရဖစ်က် | အဖွဲ့ဝင် |
| ( ဒ ) | ဦးအာမန်း | အဖွဲ့ဝင် |
| ( ဓ ) | ဦးဘာဘူ | အဖွဲ့ဝင် |
| ( န ) | ဦးဘာရှိုးရ် | အဖွဲ့ဝင် |
| ( ပ ) | ဦးဟူစိန် | အဖွဲ့ဝင် |
| ( ဖ ) | ဟာဖစ်အရှတ်ဘ် | အဖွဲ့ဝင် |
| ( ဗ ) | ဟာဖစ်နေဆာရ် | အဖွဲ့ဝင် |
| ( ဘ ) | ဦးရာဟင်း မ် | အဖွဲ့ဝင် |

၁၅ - ညံတောဂျာမေဗလီ၏ ယခုလက်ရှိ ရှေ့ဆောင်ဆရာတော်ကြီး၏ ဘွဲ့အမည်မှာ " မွဖ်တီ မောင်လာနာ ဟာဖစ်ဇ် မုဟမ္မဒ်အီလီယာ့စ် " ဖြစ်ပါသည်။

ပြင်ဦးလွင်မြို့၊ ၁၅ - ညံတောဂျာမေ ဗလီ၌ နေ့စဉ် ( ၅ )ကြိမ် ဝတ်ပြုနေရာ၊ တစ်ကြိမ်လျှင် ( ၅၀ )ဦးခန့် ဝတ်ပြုနေကြ ပါသည်၊ အပတ်စဉ် သောကြာနေ့များတွင်အစ္စလာမ်ဘာသာဝင်( ၂၅၀ )ဦးခန့်ဝတ်ပြုနေကြသကဲ့သို့ အရောက်ကြွလာတော်မူ နေကြီး ရက်ကြီးများ၌အစ္စလာမ့်ကျင့်စဉ်တို့နှင့် အညီ အစ္စလာမ်သာသနာဝင် ( ၄၀၀ )ဦးခန့် စည်ကားစွာ

# * ( ၁၇ ) ရပ်ကွက် ရွာသစ်ကလေး ဗလီ သမိုင်းအကျဉ်း *

၁၇ - ရပ်ကွက် ရွာသစ်ကလေး ဗလီသည် ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး ( ၇ )၊ ၁၇ - ရပ်ကွက် ရွာသစ်ကလေးရှိ မြေကွက်အမှတ် ( ၅၂ ) ပေါ်တွင် တည်ရှိပါသည်။

၁၇ - ရပ်ကွက် ရွာသစ်ကလေး ဗလီအား မြန်မာသက္ကရာဇ် ၁၂၈၇ - ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၂၅ - ခုနှစ်တွင် ဦးအလီမာမက် ဟာဂျီစလေမန်သည် ဗလီတည်ဆောက်မည့် မြေကွက်အမှတ် ( ၅၂ ) ကို ဝကာဖ်ပြုလုပ် လှူဒါန်းပြီး၊ ဦးမိုဟာမက်မေဒင်၊ ဦးအာဇင်းခန်း၊ ဦးအလီမာမက် ဟာဂျီစလေမန်၊ ဦးကာလူးခန်း တို့က ပတည်၍ အများအစ္စလာမ် ဘာသာဝင်များ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် သွပ်မိုး၊ ထရံကာ အဆောက်အဦအဖြစ် တည်ဆောက်၍ ဝတ်ပြုကာ အဆိုပါ ပုဂ္ဂိုလ်များကို ဗလီ အုပ်ချုပ်ရေး ဂေါပကအဖြစ် တာဝန်ပေးခဲ့ကြပါသည်။

မြန်မာသက္ကရာဇ် ၁၂၉၀ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၂၈ ခုနှစ်တွင်၊ ထိုစဉ်ကာလက ဗလီဂေါပကအဖွဲ့ အတွင်းရေးမှူး ဖြစ်သူ ဦးအီဒရစ်ခန်း ( ကွယ်လွန် )က သွပ်မိုး ဝါးထရံကာ အဆောက်အဦမှ အုတ်တိုက်အဆောက်အဦအဖြစ် အကုန်အကျခံ ပြုပြင်မွမ်းမံလျက် တည်ဆောက်လှူဒါန်းခဲ့ရာ၊ အများ အစ္စလာမ်ဘာသာဝင်များ အေးချမ်းစွာ ဝတ်ပြုခဲ့ကြပါသည်။

ပြင်ဦးလွင်မြို့၊ ၁၇-ရပ်ကွက်ဗလီတွင် ဂေါပကအဖွဲ့ အဆက်ဆက်တို့သည် စဉ်ဆက်မပြတ် ဖွဲ့စည်းထိန်းသိမ်း အုပ်ချုပ်ခဲ့ရာ၊ လက်ရှိတာဝန်ယူ အုပ်ချုပ်လျက်ရှိကြသော ဂေါပကအဖွဲ့ဝင်များ၏အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | |
|---|---|---|
| ( က ) | ဦးချုန်ထွန်း | ဥက္ကဋ္ဌ |
| ( ခ ) | ဦးစိုးမြင့် | ဒုတိယ ဥက္ကဋ္ဌ |
| ( ဂ ) | ဦးဇော်မြင့် | အတွင်းရေးမှူး |
| ( ဃ ) | ဦးမြင့်သိန်း | တွဲဖက် အတွင်းရေးမှူး |
| ( င ) | ဦးမြင့်အောင် | ဘဏ္ဍာရေးမှူး |
| ( စ ) | ဦးရှိုဇွတ် | စာရင်းစစ် - ၁ |
| ( ဆ ) | ဦးခင်အောင် | စာရင်းစစ် - ၂ |
| ( ဇ ) | ဦးမြင့်ထွန်း | အဖွဲ့ဝင် |
| ( ဈ ) | ဦးမောင်မွေး | အဖွဲ့ဝင် |
| ( ည ) | ဦးအဗ္ဗဒူလာ | အဖွဲ့ဝင် |
| ( ဋ ) | ဦးအေဇရှစ် | အဖွဲ့ဝင် |
| ( ဌ ) | ဦးဝါဟစ် | အဖွဲ့ဝင် |

၁၇ - ရပ်ကွက်ရွာသစ်ကလေးဗလီ၏ ယခုလက်ရှိ ရှေ့ဆောင်ဆရာတော်ကြီး၏ ဘွဲ့အမည်မှာ " မောင်လာနာ ရဟမ္မဒ်အီဗရာဟင်းမ် "ဖြစ်ပါသည်။

ပြင်ဦးလွင်မြို့၊ ၁၇-ရပ်ကွက် ရွာသစ်ကလေးဗလီ၌ နေ့စဉ် ( ၅ )ကြိမ် ဝတ်ပြုနေရာ၊ တစ်ကြိမ်လျှင် ( ၂၇ ) ဦးခန့် ဝတ်ပြုနေကြပါသည်။ အပတ်စဉ် သောကြာနေ့များတွင် အစ္စလာမ်ဘာသာဝင် ( ၁၀၀ )ဦးခန့် ဝတ်ပြုနေကြသကဲ့သို့ အစ္စလာမ့် တရားတော်အရ နေ့ကြီးရက်ကြီးများ၌ အစ္စလာမ့်ကျင့်စဉ်နှင့်အညီ အစ္စလာမ် သာသနာဝင် ( ၂၂၅ ) ဦးခန့် စည်ကားစွာ ဝတ်ပြုလျက် ရှိပါသည်။

# * ပြင်ဦးလွင်မြို့နယ် ဆီးပင်ကြီး ဗလီ၏ သမိုင်း အကျဉ်း *

ဆီးပင်ကြီးဗလီသည် ပြင်ဦးလွင် မြို့နယ်၊ ဆီးပင်ကြီးကျေးရွာအုပ်စု- ဆီးပင်ကြီးကျေးရွာ အလယ်ရပ်ကွက်၊ အနောက်ပိုင်းတွင် တည်ရှိပါသည်။

ဆီးပင်ကြီးဗလီအား မြန်မာသက္ကရာဇ် ၁၂၃၆ - ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၇၄ - ခုနှစ် တွင် ဆီးပင်ကြီး ရွာသူကြီး ဦးစလေမန် ပိုင်မြေကွက်အား ဝကာဖ်ပြုလုပ် လှူဒါန်းပြီး ဗလီအဆောက်အဦးကိုပါ တစ်ဦးတည်း အကုန်အကျခံ လှူဒါန်းပါသည်။

ဗလီဒကာ ဆီးပင်ကြီး ရွာသူကြီး ဦးစလေမန်သည် ဗလီ အုပ်ချုပ်ရေး ဂေါပကအဖွဲ့ကို ၎င်းသက်ရှိထင်ရှားရှိစဉ် ကာလ တလျှောက်လုံး ဖွဲ့စည်းခြင်းမပြုဘဲ တစ်ဦးတည်းက အုပ်ချုပ်လျက် ဗလီကြီး၏ ဝေယျာဝစ္စကိစ္စ အဝဝအား ထိန်းသိမ်းစီမံ ခဲ့ပါသည်။

ယင်းနောက်မြန်မာသက္ကရာဇ် ၁၃၀၇ - ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၅၅ - ခုနှစ်တွင် ယခင်ဆီးပင်ကြီး ရွာသူကြီး ဦးစလေမန် တည်ဆောက်ခဲ့သော ဗလီအဆောက်အဦအား၊ ယခုလက်ရှိ အနေအထားရရှိရန် အတွက် အများအစ္စလာမ် ဘာသာဝင်များ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် ပြန်လည်ပြုပြင် မွမ်းမံ တည်ဆောက်လျက် ဝတ်ပြုနေခဲ့ကြပါသည်။

ဆီးပင်ကြီးရွာသူကြီး ဦးစလေမန် မရှိသည့်နောက်ပိုင်း၊ ဂေါပကအဖွဲ့ အဆက်ဆက်တို့သည်စဉ်ဆက်မပြတ် ဖွဲ့စည်းအုပ်ချုပ် ထိန်းသိမ်းခဲ့ရာ၊ လက်ရှိတာဝန်ယူ အုပ်ချုပ်လျက်ရှိကြသော ဂေါပကအဖွဲ့ဝင်များ၏ အမည်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ( က ) | ဦးမောင်မောင် | နာယက |
| ( ခ ) | ဦးလှမောင် | နာယက |
| ( ဂ ) | ဦးယာစင်န် | ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးမှူး ပူးတွဲတာဝန် |
| ( ဃ ) | ဦးကိုလေး | ဒုတိယ ဥက္ကဋ္ဌ |
| ( င ) | ဦးခင်မောင်ထွေး | အတွင်းရေးမှူး |
| ( စ ) | ဦးစလင်းမ် | တွဲဖက် အတွင်းရေးမှူး |
| ( ဆ ) | ဦးနှင်းဦး | စာရင်းစစ် |
| ( ဇ ) | ဦးစောမောင် | စာရင်းစစ် |
| ( ဈ ) | ဦးမျိုးကြည် | စာရင်းစစ် |
| ( ည ) | ဦးကျော်ညွန့် | အဖွဲ့ဝင် |

ဆီးပင်ကြီးကျေးရွာဗလီ၏ ယခုလက်ရှိ ရှေ့ဆောင်ဆရာတော်ကြီး၏ ဘွဲ့အမည်မှာ " မောင်လာနာ မုဟမ္မဒ် တ္တာဟေရ်(ခ) ဦးခင်မောင် " ဖြစ်ပါသည်။

ပြင်ဦးလွင်မြို့နယ်၊ ဆီးပင်ကြီးကျေးရွာ ဗလီ၌ နေ့စဉ် ( ၅ ) ကြိမ်ဝတ်ပြုနေရာ၊ တစ်ကြိမ်လျှင် ( ၂၅ ) ဦးခန့်ဝတ်ပြု နေကြပါသည်။ အပတ်စဉ် သောကြာနေ့များတွင် အစ္စလာမ်ဘာသာဝင် ( ၈၀ ) ဦးခန့်ဝတ်ပြုနေကြသကဲ့သို့ အစ္စလာမ့် တရားတော်အရ၊ နေ့ကြီး ရက်ကြီးများ၌ အစ္စလာမ့် ကျင့်စဉ်နှင့်အညီ အစ္စလာမ်ဘာသာဝင် ( ၂၀၀ ) ဦးခန့် စည်ကားစွာ ဝတ်ပြုလျှက် ရှိပါသည်။

## * ပြင်ဦးလွင်မြို့နယ် ဝက်ဝံ ဈေးကုန်းဗလီ သမိုင်းအကျဉ်း *

ဝက်ဝံကျေးရွာ၊ ဈေးကုန်းရပ်ဗလီသည် ပြင်ဦးလွင်မြို့နယ် ညောင်ပင်သာကွင်း၊ ဝက်ဝံကျေးရွာအုပ်စု ဈေးကုန်းရပ် တိုက်နယ်ဆေးရုံအနီး မန္တလေး - လားရှိုးလမ်း၏ တောင်ဘက်တွင် တည်ရှိပါသည်။ ဗလီ၏ မြေအကျယ်အဝန်းမှာ ( ၀. ၃၄ ဧက ) ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၀၂- ခုနှစ်၊ တန်ခူးလဆန်း ( ၁၄ ) ရက်၊ ခရစ်သက္ကရာဇ် ၁၉၄၀ - ခုနှစ်၊ ဧပြီလ ( ၂၄ ) ရက်၊ ကြာသပတေးနေ့တွင် တသင်ကြီး ဦးယာကွက် + ဒေါ်သုန်တို့က မြေနေရာနှင့် အဆောက်အဦကို မတည်လှူဒါန်းလျှက် စတင် ပန္နက်ရိုက်၍ ထရံကာ၊ သက်ကယ်မိုး အဆောက်အဦ အဖြစ်တည်ဆောက်ခဲ့ပါသည်။

မြန်မာ သက္ကရာဇ် ၁၃၂၅ - ခုနှစ်၊ ခရစ် သက္ကရာဇ် ၁၉၆၃ - ခုနှစ်တွင် တာဝန်ယူ အုပ်ချုပ်နေသော ဂေါပကအဖွဲ့ ဦးယာမတ် - ဥက္ကဋ္ဌ၊ ဦးကျော်ညွန့် - အတွင်းရေးမှူး တို့၏သက်တမ်းကာလတွင်၊ ပြင်ဦးလွင်မြို့ ( ၆ ) ရပ်ကွက်နေ - အလှူရှင် ဒေါ်စော်မြ ၏ တာဝန်ပေးအပ်ချက်အရ ( ၆ ) ရပ်ကွက်မှ ဟာဂျီ ဦးစိန် ( မြစကြာ ) က ၊ အနီးကပ် ကြီးကြပ်ကူညီမှုဖြင့် အုတ်ကာ၊ သွပ် မိုး၊ အဆင့်သို့ ပြင်ဆင်မွမ်းမံ ဆောက်လုပ်ခဲ့ရာ၊ မြန်မာ သက္ကရာဇ် ၁၃၂၆ - ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၆၄ - ခုနှစ်၊ ဇန်နဝါရီလ ( ၁၀ ) ရက်၊ သောကြာနေ့ တွင် ဗလီအပ်ပွဲ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ယင်းကဲ့သို့ ဗလီကို ပြင်ဆင်ပြီး၊ ဂေါပကအဖွဲ့အဆက်ဆက်တို့သည် စဉ်ဆက်မပြတ်ဗလီအား ထိန်းသိမ်း အုပ်ချုပ်ခဲ့ရာ၊ လက်ရှိတာဝန်ယူ အုပ်ချုပ်လျက်ရှိကြသော ဂေါပကအဖွဲ့ဝင်များ၏ အမည်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ( က ) | ဦးလှမောင် | ဥက္ကဋ္ဌ |
| ( ခ ) | ဦးသန်းမြင့် | ဒုတိယ ဥက္ကဋ္ဌ |
| ( ဂ ) | ဦးသန်းအေး | အတွင်းရေးမှူး ၊ ဘဏ္ဍာရေးမှူးတာဝန်ပူးတွဲ |
| ( ဃ ) | ဦးမြင့်ဆွေ | တွဲဖက်အတွင်းရေးမှူး၊ စာရင်းကိုင်တာဝန်ပူးတွဲ |
| ( င ) | ဦးကျော်ကျော် | အဖွဲ့ဝင် |
| ( စ ) | ဦးရဟင်း | အဖွဲ့ဝင် |
| ( ဆ ) | ဦးလှရွှေ | အဖွဲ့ဝင် |
| ( ဇ ) | ဦးသန်းညွန့် | အဖွဲ့ဝင် |
| ( ဈ ) | ဦးသန်းလှိုင် | အဖွဲ့ဝင် |
| ( ည ) | ဦးငွေမောင် | အဖွဲ့ဝင် |

ဝက်ဝံရပ်၊ ဈေးကုန်းဗလီ၏ ယခုလက်ရှိ ရှေ့ဆောင်ဆရာတော်ကြီး၏ ဘွဲ့အမည်မှာ " မောင်လာနာ မုဟမ္မဒ် ဟာရွှန်း" ဖြစ်ပါသည်။

ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံဈေးကုန်းရပ် ဗလီတွင် နေ့စဉ် ( ၅ ) ကြိမ်ဝတ်ပြုနေရာ၊ တစ်ကြိမ်လျှင် ( ၁၅ ) ဦးခန့်၊ ဝတ်ပြုနေကြပါသည်။ အပတ်စဉ်သောကြာနေ့များ၌ အစ္စလာမ်ဘာသာဝင် ( ၃၅ ) ဦးခန့် ဝတ်ပြုနေကြသကဲ့သို့ အစ္စလာမ့် တရားတော်အရ နေ့ကြီးရက်ကြီးများ၌ အစ္စလာမ့် ကျင့်စဉ်နှင့်အညီ အစ္စလာမ်ဘာသာဝင် ( ၁၂၅ ) ဦးခန့် စည်ကားစွာ ဝတ်ပြုလျှက် ရှိပါသည်။

# * ပြင်ဦးလွင်မြို့နယ် ဝက်ဝံ ဘူတာရပ် ဗလီသမိုင်း အကျဉ်း *

ဝက်ဝံကျေးရွာ - ဘူတာရပ်ဗလီသည် ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု ဘူတာရပ် မန္တလေး-လားရှိုးလမ်း၏ အရှေ့ဘက်တွင် တည်ရှိပါသည်။

ယင်းဗလီကို မြန်မာသက္ကရာဇ် ၁၂၈၁ - ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၁၉ - ခုနှစ်တွင် ဝက်ဝံကျေးရွာ ဘူတာရပ်၌ နေထိုင်ကြသော အစ္စလာမ်ဘာသာဝင်အများ၏ စုပေါင်းထည့်ဝင် လှူဒါန်း ငွေကိုမတည်၍ ထရံကာ၊ သက္ကယ်မိုး၊ သာမန် အဆောက်အဦ တစ်ဆောင်ကို ဆောက်လုပ်ပြီး စတင်ဝတ်ပြုခဲ့ကြပါသည်။

ဝက်ဝံဘူတာရပ်ဗလီအားမြန်မာသက္ကရာဇ် ၁၂၈၅ - ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၂၃ - ခုနှစ်တွင် ကနဦး စတင်တည်ဆောက်စဉ်က ကြီးပမ်းခဲ့ကြသည့် ဂေါပကအဖွဲ့ဝင်များဖြစ်သော - ဦးမုဟမ္မဒ် ဗသူးဂျမန်း၊ ဦးဘာစီရန်း - ငွေထိမ်း တို့မှဦးဆောင်လျက်၊ ဦးအဗ္ဗဒူဂဖူရ်၊ ဦးဟူစိန်၊ ဦးအွတ်စ်မန်းအလီ တို့ပါဝင်သော ဂေါပကအဖွဲ့က ၊ ယခင် ထရံကာ၊ သက်ကယ်မိုး အဆောက်အဦးအား အုတ်ကာ၊ သွပ်မိုး အဆောက်အဦးအဖြစ် အစ္စလာမ် ဘာသာဝင်အများ၏ ထည့်ဝင် လှူဒါန်းငွေဖြင့် ပြန်လည် ပြုပြင်မွမ်းမံတည်ဆောက်ခဲ့ပါသည်။

မြန်မာသက္ကရာဇ် ၁၃၃၈ - ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၇၆ - ခုနှစ် တွင် အဆိုပါ ပုဂ္ဂိုလ်များကပင် ဦးဆောင်မှုပြု၍ ဗလီ၏ အုတ်တံတိုင်း ကာရံခြင်း၊ ဗလီမျှော်စင် တည်ဆောက်ခြင်းနှင့် တိုးပွားလာသည့် အစ္စလာမ် သာသနာဝင်များ လွယ်ကူစွာ ဝတ်ပြု နိုင်ရန် အလို့ငှာ၊ ဝတ်ပြုဆောင်တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံဘူတာရပ်ဗလီတွင် ဂေါပကအဖွဲ့အဆက်ဆက်တို့သည် စဉ်ဆက်မပြတ် ဗလီအား ထိန်းသိမ်း အုပ်ချုပ်ခဲ့ရာ၊ လက်ရှိအာဝန်ယူ အုပ်ချုပ်လျက်ရှိကြသော ဂေါပကအဖွဲ့ဝင်များ၏ အမည်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ( က ) | ဦးစလေမန် | ဥက္ကဋ္ဌ |
| ( ခ ) | ဦးစိုးသိန်း | အတွင်းရေးမှူး |
| ( ဂ ) | ဦးဟနစ် | အဖွဲ့ဝင် |
| ( ဃ ) | ဦးမူတူး | အဖွဲ့ဝင် |
| ( င ) | ဦးလှဘော် | အဖွဲ့ဝင် |

ဝက်ဝံဘူတာရပ်ဗလီ၏ ယခုလက်ရှိ ရှေ့ဆောင်ဆရာတော်ကြီး၏ ဘွဲ့အမည်မှာ "မောင်လာနာမုဟမ္မဒ်ဟာရှင်မ်" ဖြစ်ပါသည်။

ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံဘူတာရပ်ဗလီတွင် နေ့စဉ် ( ၅ )ကြိမ် ဝတ်ပြုနေရာ၊ တစ်ကြိမ်လျှင် ( ၁၅ ) ဦးခန့် ဝတ်ပြု လျက်ရှိပါသည်။ အပတ်စဉ် သောကြာနေ့များတွင် အစ္စလာမ်ဘာသာဝင် ( ၅၀ ) ဦးခန့် ဝတ်ပြုနေကြသကဲ့သို့ အစ္စလာမ့် တရားတော်အရ နေ့ကြီးရက်ကြီးများ၌ အစ္စလာမ့်ကျင့်စဉ်များနှင့်အညီ အစ္စလာမ်သာသနာဝင် ( ၁၀၀ ) ဦးခန့် စည်ကားစွာ ဝတ်ပြုလျက် ရှိ ပါသည်။